ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏

## ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁ ။)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

# အပိုင်း ၂

## မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၂။ မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသော သုံးငွေများကို မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) မွန်ပြည်နယ် အစိုးရအဖွဲ့၊ မွန်ပြည်နယ် လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ် ဥပဒေချုပ်၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) မွန်ပြည်နယ် အစိုးရအဖွဲ့၊ မွန်ပြည်နယ် လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ် ဥပဒေချုပ်၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) မွန်ပြည်နယ် အစိုးရအဖွဲ့၊ မွန်ပြည်နယ် လွှတ်တော်၊ မွန်ပြည်နယ် တရားလွှတ်တော်၊ မွန်ပြည်နယ် ဥပဒေချုပ်၊ မွန်ပြည်နယ် စာရင်းစစ်ချုပ်၊ မွန်ပြည်နယ် ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေအရခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော

၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) မွန်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်း လုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြရမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန် အလို့ငှာ မွန်ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၆။ (က) ပြည်နယ်အစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤဥပဒေ၏ဇယား (၆)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေ များနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲ ခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်းစီ အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်း စီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်းစီ အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် မွန်ပြည်နယ်လွှတ်တော်သို့ တင်ပြ၍ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကို မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

(င) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

# အခန်း(၃)

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင်ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်း စီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဂ) ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်း စီမံကိန်း တစ်ခုမှ အခြား လုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ် အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(အုန်းမြင့်)
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

## မွန်ပြည်နယ်အစိုးရအဖွဲ့၊မွန်ပြည်နယ်လွှတ်တော်၊မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ<br>ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ<br>ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၂၃၉၁.၈၇၅ | | | | | | |
| ၂ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | | | ၈.၈၈၉ | | | | | | |
| ၃ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၁၅၇ | | | | | | |
| ၄ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ်သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၀.၀၅၆ | | | | | | |
| | | ပေါင်း | | | ၂၄၀၀.၉၇၇ | | | | | | |

# မွန်ပြည်နယ်အစိုးရအဖွဲ့၊မွန်ပြည်နယ်လွှတ်တော်၊မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ်<br>ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၃၀.၀၆၃ | | ၂၃၉၁.၀၇၅ | | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ်<br>ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၉၅.၉၂၀ | | | ၁၅.၃၃၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သို့မဟုတ်<br>ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကတာဝန်ပေးသူ | ၂၆၅.၆၀၃ | | | ၆၃.၄၃၀ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ်<br>ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၄၅.၅၉၅ | | | ၃၂.၀၀၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ်သို့မဟုတ်<br>ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၃၃၂.၀၆၉ | | | ၂၉.၇၇၀ | | | |
| | | ပေါင်း | ၁၀၇၀.၀၅၀ | | ၂၃၉၁.၀၇၅ | ၁၄၀.၅၃၀ | | | |

# မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန် ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၈၁ . ၂၄၀ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃၈၁ .၂၄၀ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၁၀၆၅.၅၃၈ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၇၄၈ .၉၅၀ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀ .၆၈၃ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၁၈၁ .၃၈၈ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၆ .၄၇၅ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၂၈ .၀၄၂ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန် | ၄င်း | ၃၅၆ .၈၈၄ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၃၀၁ .၂၂၀ | | | | | | | | |
| | ၂ | ဘီးခွန် | | ၅၅ .၆၆၄ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း များမှရငွေ | ၄င်း | | ၅၇ ·၂၂၂ | | | | | | | |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန် ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ** | | | **၇.၁၉၈** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၇.၁၃၇ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၆၁ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **၄င်း** | | | **၅.၁၁၆** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀.၅၅၆ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃.၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁.၅၆၀ | | | | | | |
| ၇ | | **သမဝါယမ** | **၄င်း** | | | **၁.၂၆၉** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁.၁၄၉ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀.၁၂၀ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | **၄င်း** | | | **၄.၀၁၁** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁.၉၃၇ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂.၀၇၄ | | | | | | |
| ၉ | | **ဆောက်လုပ်ရေး** | **၄င်း** | | | **၀.၃၉၇** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၃၉၇ | | | | | | |
| ၁၀ | | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန** | **၄င်း** | | | | | | ၁၄၁၃၀.၉၅၅ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၄၁၃၀.၉၅၅ | | | |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | အမျိုးသားစိမ်ကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၀.၀၁၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၁၄ | | | | | | |
| ၁၂ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၅.၂၀၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅.၂၀၅ | | | | | | |
| ၁၃ | | အားကစား | ၎င်း | | | ၀.၀၄၀ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀.၀၄၀ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၄၀၁၀.၄၃၆ | | | | | | |
| | | ပေါင်း | | ၁၀၀၃.၆၆၂ | ၅၇.၂၂၂ | ၄၀၄၁.၆၀၆ | | | ၁၄၁၃၀.၉၅၅ | | | |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၇၀၂.၀၂၂** | | **၁၅.၀၀၀** | **၀၄၂.၆၀၇** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၆၁၉.၁၂၅ | | ၁၅.၀၀၀ | ၀၀၇.၆၀၇ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၀၃.၆၉၇ | | | ၃၅.၀၀၀ | | | |
| ၂ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၁၁၁၂.၀၀၄** | | | **၃၀.၄၅၀** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၅၀.၁၁၄ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၆၉၀.၃၀၀ | | | ၃၀.၄၅၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၆၄.၃၀၂ | | | | | | |
| ၃ | | **သမဝါယမ** | ၎င်း | **၂၇၀.၃၄၇** | | | **၁၇.၇၀၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၅၁.၀၁၁ | | | ၁၇.၆၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀.၅၃၆ | | | ၀.၁၀၀ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | **၁၀၃.၆၂၀** | | | **၃၄.၁၉၅** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၉၇.၆၆၀ | | | ၃၄.၁၉၅ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၀၅.၉၆၀ | | | | | | |
| ၅ | | **ဆောက်လုပ်ရေး** | ၎င်း | **၄၁၃၂.၄၅၄** | | | **၅၂၁၁.၆၅၀** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၀၀.၉၅၄ | | | ၁.၆၀၀ | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၄၀၄၃.၅၀၀ | | | ၅၂၃၀.၀၅၀ | | | |

## မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | **ဘဏ္ဍာရေးနှင့်အခွန်** | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၄၆.၉၃၂** | | | **၅.၄၄၅** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၆.၉၃၂ | | | ၅.၄၄၅ | | | |
| ၇ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | **၄င်း** | **၁၈၈.၅၅၀** | | | **၅၃.၅၁၇** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၈၈.၅၅၀ | | | ၅၃.၅၁၇ | | | |
| ၈ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | **၄င်း** | **၉.၆၈၈** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၉.၆၈၈ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | **၄င်း** | **၃၈၁.၅၂၇** | | | **၂၀.၀၆၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၃၈၁.၅၂၇ | | | ၂၀.၀၆၀ | | | |
| ၁၀ | | **အားကစား** | **၄င်း** | **၁၇၃.၂၅၅** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၇၃.၂၅၅ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၄င်း** | **၁၉၉၆.၅၃၂** | | | **၂၅၁၄.၄၂၁** | | | |
| | | ပေါင်း | | ၁၀၁၉၈.၅၃၁ | | ၁၅.၀၀၀ | ၈၇၅၈.၅၂၅ | | | |

# မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၇၇.၅၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၇၇.၅၀၀ | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | | | ၁၇.၁၅၇ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၁၇.၁၅၇ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | | | ၉၂၇၆.၀၀၁ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၉၂၇၆.၀၀၁ | | | | | | |
| | | ပေါင်း | | | | ၉၃၇၀.၆၅၈ | | | | | | |

# မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၃.၆၇၁ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၃၃.၆၇၁ | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | ၄၄.၀၅၃ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၄၄.၀၅၃ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | ၉၁၁၂.၉၂၅ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၉၁၁၂.၉၂၅ | | | | | | |
| | | | ပေါင်း | ၉၁၉၀.၆၄၉ | | | | | | |